**Taw Win Kha Yay (Sex Workers in Myanmar) Network**

No. 30(A), Parami Road, Ward (8), Yankin Township, Yangon, Myanmar
**Ph**: (+95) 09 98 57 57 466 **Email**: HO@swimnetwork.org

# Vacancy Announcement

(09/2025)

Date – 25th June 2025

| | |
|---|---|
| ခေါ်ယူသည့် ရာထူး | Peer Educator-HIV Prevention (MSM) |
| လိုအပ်သောဦးရေ | ၁ ဦး |
| အစီရင်ခံစာ တင်ရမည့်သူ | Peer Supervisor |
| တာဝန်ကျသည့် မြို့ | တိုက်ကြီး(ရန်ကုန်) |
| စာချုပ်သက်တမ်း | Up to December 2025(Possible extension) |

**ကွန်ရက်၏ နောက်ခံသမိုင်းကြောင်း**

တော်ဝင်ခရေကွန်ရက်သည် ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သော အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းတခုဖြစ်ကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ပြည်တွင်း လူမှုကွန်ရက်အဖွဲ့အစည်း တခုဖြစ်ပါသည်။

တော်ဝင်ခရေသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ လိင်လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေသော အမျိုးသမီး များနှင် ကွန်ရက်ချိတ်ဆက်ထားပြီး ၎င်းတို့၏ ကျန်းမာရေး၊ လူမှုရေးနှင့် အခြေခံ လူ့အခွင့်အရေးများ ရရှိရေး စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

၂၀၁၁ ခုနှစ်၊ ဧပြီလတွင် ပျိုးပင်၏ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိဒေသ (၁၀) ခုမှ (Female Sex Workers - FSW) - ၃၅ ဦးတို့သည် "တော်ဝင်ခရေ " အမည်ဖြင့် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်ခြင်းကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ယခုအချိန်တွင် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ဒေသပေါင်း (၃၁) ဒေသရှိ (Female Sex Workers) များနှင့်အတူ တော်ဝင်ခရေ ကွန်ရက်၏ CC/EC များသည် ကွန်ရက်၏ လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိသည်။

**စီမံချက်၏ သဘောတရား**

စီမံချက် အကောင်အထည် ဖော်သည့် ဧရိယာ(တိုက်ကြီးမြို့နယ်) အတွင်းရှိ HIV/AIDS & STI ကာကွယ် တားဆီးရန် အတွက် HIV/AIDS & STI နှင့်ပတ်သက်သော ကျန်းမာရေးအသိ ပညာများ ပေးခြင်း ရောဂါကာကွယ် တားဆီးရေးပစ္စည်းများ ဖြန့်ဝေပေးခြင်း သွေးစစ်နိုင်ရန် လုပ်ဆောင်ပေးခြင်း ARTဆေးရရှိအောင် ချတ်ဆက် ဆောင်ရွက်ပေးခြင်း

**<u>တာဝန်နှင့် ဝတ္တရားများ</u>**

Peer Educator သည် တော်ဝင်ခရေကွန်ရက်၏ ချမှတ်ထားသော အောက်ပါ တာဝန်နှင့် ဝတ္တရားများအား ထမ်းဆောင်ရမည်။

- ဦးတည်အုပ်စုများကို HIVနှင့် ကာလသားရောဂါ ကာကွယ် တားဆီးရေး အသိပညာများ ကို ကွင်းဆင်းပညာပေးခြင်း၊ကွန်ဒုံးနှင့် ချောဆီများ ဖြန့်ဝေပေးခြင်း၊သွေးစစ်ဆေးမှုခံယူလိုသူများနှင့် ကာလသားရောဂါကုသမှု ခံယူလိုသူများအား သက်ဆိုင်ရာ ကျန်းမာရေးဌာနများသို့ လွှဲပြောင်းပေးခြင်းများအတွက် ကြီးကြပ်သူများအား ကူညီပေးခြင်း
- သွေးစစ်ဆေးမှု ရလဒ်အရ အေအာတီ ဆေးသောက်ရန် လိုအပ်သူများအား သက်ဆိုင်ရာ ခုခံကျ/ကာလသားတိုက်ဖျက်ရေးအဖွဲ့များ၊ ကျန်းမာရေးအဖွဲ့များသို့ လူကိုယ်တိုင် လိုက်ပါ ကူညီ ဆောင်ရွက်ပေးခြင်း
- နေ့အလိုက် လုပ်ဆောင်ချက်များကို မှတ်တမ်းများ အစီရင်ခံစာများ စာရင်းဇယားများနှင့် စနစ်တကျ သိမ်းဆည်းရမည်။
- ကွန်ယက်မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုရှိခြင်း
- နေ့စဉ် ကွင်းဆင်းခြင်း၊သွေးစစ်မှုများ သက်ဆိုင်ရာ စာရင်းဇယားများ စစ်ဆေးပေးခြင်း၊ မှတ်တမ်းများပြုစုခြင်း သက်ဆိုင်ရာကြီးကြပ်သူထံသို့ အစီရင်ခံစာများ အချိန်မှီပေးပို့ခြင်း
- အစည်းအဝေးများ သင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း ကွန်ယက်မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုရှိခြင်း
- စီမံချက်တွင် ပါဝင်သူများ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို လျှို့ဝှက်ထိန်းသိမ်းပေးရမည်။
- ကွန်ယက် တခုလုံးကို လည်းကောင်း စီမံချက် ကိုလည်းကောင်း ဂုဏ်သိက္ခာ ညှိုးနွမ်းစေမည့် အပြုအမူအားလုံးကိုဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ ထိန်းသိမ်းခြင်းသည် စီမံချက်ဝန်ထမ်း၏ တာဝန်ဖြစ်သည်။
- အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အသင်း အဖွဲ့ စိတ်ဓာတ် ဖြင့် ပူးပေါင်း ဆောင်ရွက်ရမည်။
- လိုအပ်ပါက စီမံချက်နှင့်ပတ်သက်သော သီးခြားတာဝန်များ ပေးအပ်လာပါက ကျေပွန်စွာ ဆောင်ရွက်ပေးရမည်။

**<u>လိုအပ်သော အရည်အချင်းများ</u>**

- အခြေခံ ပညာ အထက်တန်းဆင့်ရှိပြီး HIV နှင့်ပတ်သက်သော လုပ်ငန်းများတွင် ဆောင်ရွက်သည့် အတွေ့အကြုံ (၂)နှစ်ရှိရမည်။
- ကွင်းဆင်းပညာပေးခြင်းဆိုင်ရာ သင်တန်းများတက်ရောက်ဖူးသူ အတွေ့အကြုံရှိသူဖြစ်ရမည်။
- ဦးတည် အုပ်စုများကို နားလည် သဘောပေါက်ကူညီနိုင်သူဖြစ်ရမည်။
- HIV/AIDS နှင့်ပတ်သက်ပြီး အခြေခံ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းများ လုပ်ဆောင်နိုင်ရမည်။
- ဦးတည် အုပ်စုများ၏ ကိုယ်ရေးကိုယ်တာ အတွင်းရေးများကို လျှို့ဝှက်စောင့်ထိန်းနိုင်သူ ဖြစ်ရမည်။
- သင်တန်းများ၊ အစည်းအဝေးပွဲများကို လုပ်ငန်း လိုအပ်ချက်အရ တက်ရောက် ပါဝင် ဆွေးနွေးပေးနိုင်ရမည်။

- ဦးတည်အုပ်စုများကို ခွဲခြားဆက်ဆံမှုကင်းပြီး အဖွဲ့နှင့် ပူးပေါင်း လုပ်ဆောင်နိုင်သူ /ထိခိုက် ခံစား လွယ်သူများ၏ အရေးအရာများကို ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- တော်ဝင်ခရေမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ ကို တိကျစွာ လိုက်နာနိုင်သူ ဖြစ်ရမည်။

*****တော်ဝင်ခရေသည် သာတူညီမျှ အခွင့်အရေးပေးပြီး လျှောက်ထားသူများ အားလုံး၏ အရည်အချင်း အပေါ်အခြေခံ ၍ စဉ်းစားသည်။ လူမျိုး ဘာသာ လိင်(ကျား/မ) လူမျိုးရေး အိမ်ထောင်ရေးအခြေအနေနှင့် မသန်စွမ်းမှုများအပေါ်ဆက်စပ်စဉ်းစားမည်မဟုတ်ပါ။**
*****MSM /အမျိုးသားချင်း ချစ်ခင်စုံမက်သူ ၄င်းတို့နှင့်ဆက်စပ် ဆက်နွယ်သူများ လျှောက်ထားရန် အထူးအလေးပေး တိုက်တွန်းပါသည်။**

**<u>ပေးပို့လျှောက်ထားရမည့်လိပ်စာ</u>**

အမှတ် (၃၉/ H-1)၊ မဥ္ဇူလမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
Email: HR@swimnetwork.org ဆက်သွယ်ရန် -၀၉ ၂၅၉ ၀၇၃ ၄၁၅

လျှောက်လွှာပိတ်ရက် ။ ။ **<u>၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၈) ရက်၊ အင်္ဂါနေ့ ညနေ (၅း၀၀)</u>**

အလုပ်လျှောက်ထားသူသည် အလုပ်လျှောက်လွှာနှင့်အတူ ပတ်စပို့ ဓါတ်ပုံ (၁)ပုံ၊ ထောက်ခံပေးမည့်သူ နှစ်ဦး၏ အမည်၊ ရာထူး၊ ဖုန်းနံပါတ်များ နှင့်တကွ email /သို့မဟုတ် လူကိုယ်တိုင် ပေးပို့ လျှောက်ထားနိုင်ပါသည်။
Interview short list တွင်ပါဝင်သူများကိုသာ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။